ဖက်ဒရယ်ပညာပေးစာစဉ်

အမှတ် ( ၈ )

# ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်ကို ရှင်းလင်းခြင်း

ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာနမှ ထုတ်ဝေသည်။

**အယ်ဒီတာအဖွဲ့**

ဆလိုင်းလျန်မှုန်း
ကိုကျော်စွာ
ကိုအေရွှန်
ဂရေ့စ်
ကြေးသား

**ပုံနှိပ်မှတ်တမ်း**

ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်ကို ရှင်းလင်းခြင်း - ၂၀၂၆၊ မေလ

**အမျိုးသားညီညွတ်ရေးအစိုးရ၊ ဖက်ဒရယ်ပြည်ထောင်စုရေးရာဝန်ကြီးဌာန၏ ပေါ်လစီစာတမ်းမဟုတ်ပါ။ ဖက်ဒရယ်ပညာပေးစာစဉ်သာဖြစ်သည်။**

## မာတိကာ


၁။ ဖက်ဒရယ်စနစ် အဓိပ္ပာယ်ဖွင့်ဆိုချက်

၂။ ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စု ထူထောင်ခြင်း

၃။ အချုပ်အခြာအာဏာ

၄။ အချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers)

၅။ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးခြင်း (Division of Powers)

၆။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self- determination)

၇။ ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) နှင့်
အတူတကွ စုပေါင်းအုပ်ချုပ်ခြင်း (Shared-rule)

၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့်
ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

၉။ အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism) နှင့်
အချိုးမတူဖက်ဒရယ်စနစ် (Asymmetry Federalism)

၁၀။ ဗဟိုဦးစီးစနစ် ကင်းရှင်းသော ဖက်ဒရယ်စနစ်နှင့်
ဗဟိုဦးစီးစနစ် လျှော့ချသော အတုအယောင် ပြည်ထောင်စုစနစ်

၁၁။ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ခြင်း

၁၂။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

၁၃။ ဖက်ဒရယ်စနစ်နှင့် ပါလီမန်စနစ်တို့ကို ပူးတွဲကျင့်သုံးခြင်း

၁၄။ လူမျိုးအမည်ဖြင့် ဖွဲ့စည်းသော ပြည်နယ်များနှင့်
ပထဝီအမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များကို ပေါင်းစပ်သည့်
ပြည်ထောင်စုစနစ်

၁၅။ ကွန်ဖက်ဒရယ်ရေးရှင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့်
အတုအယောင်ပြည်ထောင်စုစနစ်တို့ကို နှိုင်းယှဉ်ခြင်း

**စကားချီး**

ဖက်ဒရယ်ပညာပေးစာစဉ် အမှတ် (၈) တွင် ဖော်ပြထားသော

"ဖက်ဒရယ်စနစ်၏အဓိပ္ပာယ် ကို ရှင်းလင်းခြင်း" သည် ဖက်ဒရယ်ပညာပေးစာစဉ်

အမှတ် (၁) မှ အမှတ် (၇) တွင် ပါရှိသော စာတမ်းများတွင် "ဖက်ဒရယ်စနစ်"၊

"ဒီမိုကရေစီစနစ်"၊ "ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် အတူတကွ စုပေါင်း၍အုပ်ချုပ်ခြင်း"၊

"ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး (Bottom-up Federalsim)

ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုတည်ဆောက်ရေး"၊ "ပြည်ထောင်စုနှင့် ပြည်နယ်များအကြား

အာဏာခွဲဝေကျင့်သုံးခြင်း"၊ "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း" နှင့်

"လူနည်းစုအခွင့်အရေးများကို ကာကွယ်ခြင်း"စသည့် စာတမ်းများ၌ ဖော်ပြထားသော

ဖက်ဒရယ်စနစ်၏အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြခြင်းဖြစ်၍

အဆိုပါစာတမ်းများနှင့် ချိတ်ဆက်လေ့လာဖတ်ရှုပါရန်

အကြံပြုတိုက်တွန်းအပ်ပါသည်။

(၁)

## ဖက်ဒရယ်စနစ် အဓိပ္ပာယ်ဖွင့်ဆိုချက်

ဖက်ဒရယ်ဟူသော ဝေါဟာရသည် “Foedus” နှင့် “Fides” ဟူသော လက်တင်ဘာသာစကားမှ ဆင်းသက်လာပါသည်။ Foedus ၏အဓိပ္ပာယ်သည် “သဘောတူညီခြင်း” (သို့မဟုတ်) “ပဋိညာဉ်ပြုခြင်း”ဖြစ်ပြီး “Fides” ၏အဓိပ္ပာယ်သည် “ယုံကြည်ခြင်း” ဖြစ်သည်။ ယင်းအမြွာပူးလက်တင်စကားလုံးနှစ်ခုကို ပေါင်းစပ်သောအခါ“ယုံကြည်ခြင်း” ကို အခြေခံ၍ “ပဋိညာဉ်ပြုခြင်း” ဖြစ်ပါသည်။ ထို့ကြောင့် ဖက်ဒရယ်စနစ်ဟူသောစကားရပ်၏အနက်အဓိပ္ပာယ်သည် “ယုံကြည်ခြင်း အခြေခံဖြင့် ပဋိညာဉ်ပြု၍ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတခုကို စုပေါင်း၍ အတူတကွထူထောင်ခြင်း” ဖြစ်ပါသည်။

---

(၂)

## ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စု ထူထောင်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် သီးခြားစီဖြင့် လွတ်လပ်သောအမျိုးသားနိုင်ငံများ ထူထောင်ခွင့်ရှိကြသည့်လူမျိုးများနှင့် ပြည်ထောင်များက သီးခြားစီဖြင့် လွတ်လပ်သောအမျိုးသားနိုင်ငံများ ထူထောင်ခြင်းမပြုဘဲ၊ ယုံကြည်ခြင်းကို အခြေခံ၍ သဘောတူညီချက်ရယူကာ ပဋိညာဉ်ပြုခြင်းဖြင့် ပြည်ထောင်စုနိုင်ငံကို စုပေါင်း၍ အတူတကွထူထောင်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ပဋိညာဉ်ပြု၍ သဘောတူစာချုပ်ချုပ်ဆိုရန် အတင်းအဓမ္မ ခိုင်းစေ၍မရပါ။ မိမိတို့၏ လွတ်လပ်သောဆန္ဒအတိုင်း ဆုံးဖြတ်၍ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြရမည်ဖြစ်ပါသည်။ ယင်းကဲ့သို့ “မိမိတို့၏ လွတ်လပ်သောဆန္ဒအတိုင်း ပူးပေါင်းခြင်း” (Voluntary Association) သည် ဖက်ဒရယ်စနစ် ဖြင့် ပြည်ထောင်စု ထူထောင်ရာတွင် အခြေခံရမည့် “အခြေခံမူ” ဖြစ်ပါသည်။ “ပင်လုံစာချုပ်” သည် ဖက်ဒရယ်စနစ်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကို အတူတကွ စုပေါင်းထူထောင်ရန် ချင်း၊ ကချင်၊ ရှမ်း နှင့် ဗမာပြည်ကြားဖြတ်အစိုးရတို့ ပဋိညာဉ်ပြုချုပ်ဆိုထားသော သဘောတူစာချုပ်ဖြစ်ပါသည်။

---

## (၃)

## အချုပ်အခြာအာဏာ

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် သီးခြားစီဖြင့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံများကို ထူထောင်ခွင့်ရှိသည့်လူမျိုးများနှင့် ပြည်ထောင်များက စုပေါင်း၍ အတူတကွ ထူထောင်သော တိုင်းပြည်ဖြစ်သည်။ ထို့ကြောင့် အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ကြပါသည်။ အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ထားသောကြောင့် "အချုပ်အခြာအာဏာသည် ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များနှင့် ယင်းပြည်နယ်များအတွင်း ပြည်သူလူထုတရပ်လုံးက ပိုင်ဆိုင်ထားကြပါသည်" ဟု အဓိပ္ပာယ်ဖွင့်ခြင်း ဖြစ်သည်။

---

## (၄)

## အချုပ်အခြာအာဏာကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers)

တပြည်ထောင်စုစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ကျင့်သုံးသည်ဖြစ်စေ၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော တိုင်းပြည်အားလုံးတွင် အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးခြင်း (Separation of Powers) ရှိကြပါသည်။ အချုပ်အခြာအာဏာပိုင်းခြားကျင့်သုံးခြင်း၏ မူလရည်ရွယ်ချက်မှာ "အကန့်အသတ်ရှိသောအစိုးရ" (Limited Government) ဖွဲ့စည်းရေးဖြစ်သည်။ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာများကို ပိုင်းခြားကျင့်သုံးခြင်းဖြင့် ကန့်သတ်နိုင်မှသာ အုပ်ချုပ်သူအစိုးရ အာဏာအလွဲသုံးစားခြင်း မရှိရအောင် ထိန်းချုပ်နိုင်မည်ဟူသောအယူအဆမှ ဆင်းသက်လာသော အုပ်ချုပ်ရေးစနစ်ဖြစ်သည်။

---

## (၅)

## အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးခြင်း (Division of Powers)

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ကြပါသည်။ ပူးတွဲပိုင်ဆိုင်သော အချုပ်အခြာအာဏာသုံးရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ) ကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြပါသည်။

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အချုပ်အခြာအာဏာသုံးရပ်ကို အောက်ပါအတိုင်း စနစ်တကျခွဲဝေကျင့်သုံးကြသည်။

(၁) ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အာဏာ

(၂) ပြည်နယ်များ၏ လုပ်ပိုင်ခွင့်အာဏာ

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များက ပူးတွဲကျင့်သုံးရမည့် ထပ်တူပြုအာဏာ

(၄) ကြွင်းကျန်သောအာဏာများ ဟူ၍ ဖြစ်ပါသည်။

---

**(၆)**

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self- determination)

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ထားကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိကြပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်းဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံး၍ မိမိတို့ကိုယ်တိုင်ကျင့်သုံးမည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်းကို ဆိုလိုပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ “အာဏာခွဲဝေကျင့်သုံးခြင်း” အခြေခံမူအရ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာသုံးရပ်ကိုကျင့်သုံးကြပါသည်။ ဥပဒေပြုအာဏာကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို စနစ်တကျ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်တရားရုံးများ ထူထောင်ခွင့်လည်း ရှိကြပါသည်။

---

**(၇)**

## ကိုယ်ပိုင်အုပ်ချုပ်ခြင်း (Self-rule) နှင့် အတူတကွ စုပေါင်းအုပ်ချုပ်ခြင်း (Shared-rule)

ဖက်ဒရယ်စနစ်သည် “ကိုယ်ပိုင်အုပ်ချုပ်ခြင်း” နှင့် “အတူတကွ စုပေါင်းအုပ်ချုပ်ခြင်း” တို့ကို ပေါင်းစပ်ထားသောစနစ်ဖြစ်သည်။ ပြည်ထောင်စု အတူတကွထူထောင်ခဲ့ကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ “ကိုယ်ပိုင်အုပ်ချုပ်ခွင့်”ကို လေးစားတန်ဖိုးထား

သည့်အပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက စုပေါင်းထူထောင်၍ စုပေါင်းပိုင်ဆိုင်ထားသော "ပြည်ထောင်စု" ကိုလည်း "အတူတကွ စုပေါင်း၍အုပ်ချုပ်ခွင့်" ရှိကြရမည်ဖြစ်သည်။

"ကိုယ်ပိုင်အုပ်ချုပ်ခြင်း" အခြေခံမူဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးပြီး၊ မိမိတို့၏ ပြည်နယ်အရေးကို စီမံခန့်ခွဲ အုပ်ချုပ်ရပါသည်။ "အတူတကွ စုပေါင်းအုပ်ချုပ်ခြင်း" အခြေခံမူအရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးနှင့် ယင်းပြည်နယ်များရှိ ပြည်သူလူထုတရပ်လုံးက မိမိတို့စုပေါင်းပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အတူတကွကျင့်သုံး၍ ပြည်ထောင်စုကို အတူတကွ စုပေါင်း၍အုပ်ချုပ်ကြရပေမည်။

---

(၈)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့သည် သဘောတရားချင်း နီးကပ်သော်လည်း ထပ်တူမကျပါ။ ကိုယ်ပိုင်အုပ်ချုပ်ခွင် "အခြေခံမူ" အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ကျင့်သုံးခွင့်ရှိပါသည်။ သို့ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ထိုအာဏာသုံးရပ် စီးဆင်းရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိ-မရှိ ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပေ။ စစ်မှန်သော ဖက်ဒရယ်စနစ်တွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ပင်လုံစာချုပ်တွင် ယခင်က တောင်တန်းဒေသများဟု ခေါ်ဆိုသည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" နှင့် "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" နှစ်မျိုးစလုံးကို အာမခံချက်ပေးထားခြင်းဖြစ်သည်။

ဖက်ဒရယ်စနစ်အားလုံးတွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်" ကို အာမခံချက်ပေးထားပါသည်။ သို့ရာတွင် တချို့ဖက်ဒရယ်နိုင်ငံများတွင် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုတ်သိမ်း၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို တားမြစ်ထားပါသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်စနစ်ကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဟု ခေါ်ဆိုပြီး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရုတ်သိမ်း၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို တားမြစ်သော ဖက်ဒရယ်စနစ်ကို အတုအယောင်ပြည်ထောင်စုစနစ်ဟု ခေါ်ပါသည်။

---

## (၉)

## အချိုးတူဖက်ဒရယ်စနစ် (Symmetry Federalism) နှင့် အချိုးမတူဖက်ဒရယ်စနစ် (Asymmetry Federalism)

အချိုးတူဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ နိုင်ငံရေးအာဏာ တန်းတူရည်တူ ပိုင်ဆိုင်ထားကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်သောစနစ်ဖြစ်သည်။ အချိုးတူဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များမှာ–

(၁) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များ စုပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသည်။

(၂) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

(၃) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပြည်နယ်များက တန်းတူရည်တူ ကျင့်သုံးပိုင်ခွင့်ရှိကြသည်။

(၄) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရဝန်ကြီးအဖွဲ့နှင့် ပြည်နယ်တရားသူကြီးများကို ပြည်နယ်သား (State Citizen) များက လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခွင့်ရှိကြသည်။ ပါလီမန်စနစ်တွင် လူထုက လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး၊ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ထပ်ဆင့်ရွေးချယ်ကြပါသည်။ ပြည်နယ်အစိုးရက ပြည်နယ်တရားသူကြီးများကို ခန့်အပ်ထားကြသည်။

(၅) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခွင့်ရှိသည်။

(၆) ပြည်နယ်များက ဖက်ဒရယ်အထက်လွှတ်တော်တွင် ဦးရေတူညီသော ကိုယ်စားလှယ် စေလွှတ်ပိုင်ခွင့်ရှိကြပါသည်။

အချိုးမတူဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုတ်သိမ်း၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို တားမြစ်သောစနစ်ဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တခုနှင့်တခုအကြား နိုင်ငံရေးအာဏာများကို တန်းတူရည်တူ အပ်နှင်းခြင်းမရှိ၊ တချို့ပြည်နယ်များအား နိုင်ငံရေးအာဏာ

ပိုပေး၍ တချို့ပြည်နယ်များကို နိုင်ငံရေးအာဏာ လျှော့ပေးသည်။ ပြည်နယ်များ၏ နိုင်ငံရေး အာဏာပိုင်ဆိုင်မှု အချိုးမတူပေ။ အချိုးမတူဖက်ဒရယ်စနစ်၏ အင်္ဂါရပ်များမှာ–

(၁) ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုတ်သိမ်းသည်။

(၂) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို တားမြစ်သည်။

(၃) တချို့ပြည်နယ်ကို နိုင်ငံရေးအာဏာ ပိုပေး၍၊ တချို့ပြည်နယ်များကို နိုင်ငံရေး အာဏာ အလုံအလောက် မပေးချေ။

(၄) ပြည်နယ်များက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ များ ကျင့်သုံးခွင့်ရှိသော်လည်း အချိုးမတူဖက်ဒရယ်စနစ်တွင် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် မရှိသောကြောင့် ထိုအာဏာများ ကို တဆင့်ခံ၍ ကျင့်သုံးကြပါသည်။ ထို့ကြောင့် ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်လွှတ်တော်က ရွေးချယ်ပိုင်ခွင့်မရှိ၊ ဗဟိုက ခန့်ထားရပါသည်။ ထို့ အပြင် တချို့ဖက်ဒရယ်စနစ်– ဥပမာ အိန္ဒိယနိုင်ငံတွင် ဗဟိုက တိုက်ရိုက် ခန့်ထားသော ပြည်နယ်ဘုရင်ခံက အရေးပေါ်ကြေညာ၍ ပြည်နယ် လွှတ်တော်ကို ဖျက်သိမ်းခွင့်ရှိသည်။ သာမန်အခြေအနေတွင် ပြည်နယ် ဝန်ကြီးချုပ်သည် ဗဟိုက ခန့်အပ်သော ပြည်နယ်ဘုရင်ခံလက်အောက်တွင် ရှိသည်။

(၅) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်း မရှိ။ ဗဟိုဦးစီးစနစ်ကျင့်သုံး၍ ပြည်ထောင်စုလုပ်ပိုင်ခွင့်အာဏာနှင့် ပြည်နယ် များ၏ လုပ်ပိုင်ခွင့်အာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတခု တည်းတွင် ဇယား (၁)၊ ဇယား (၂) တို့ဖြင့် ဖော်ပြသည်။

(၆) အထက်လွှတ်တော် (လူမျိုးစုလွှတ်တော်၊ အမျိုးသားလွှတ်တော်) တွင် ပြည်နယ်များက ဦးရေတူညီသော ကိုယ်စားလှယ်များ စေလွှတ်ပိုင်ခွင့်မရှိ။ လူဦးရေထူထပ်သော ပြည်နယ်များက အထက်လွှတ်တော်တွင် ကိုယ်စား လှယ်ဦးရေ ပိုမိုများပြားစွာ စေလွှတ်ကြပြီး၊ လူဦးရေနည်းပါးသော ပြည်နယ် များက ကိုယ်စားလှယ်အနည်းငယ်သာ စေလွှတ်ကြသည်။ ထို့ကြောင့် အထက်လွှတ်တော်သည် ဖက်ဒရယ်စနစ်အရ ပြည်နယ်များကို ကိုယ်စား ပြုသော လွှတ်တော်ဖြစ်မသွားဘဲ ဒီမိုကရေစီစနစ်အရ လူဦးရေကို ကိုယ်စား ပြုသောစနစ်ဖြစ်သွားသည်။ ဖက်ဒရယ်အနှစ်သာရ ပျောက်သွား၍ လူဦးရေ

များသော ပြည်နယ်များက ဒီမိုကရေစီအခွင့်အရေးကို နှစ်ထပ်ကွမ်းကျင့်သုံး ခွင့်ရှိသောစနစ် ဖြစ်သည်။

အချိုးတူဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံရေးအာဏာများကို တန်းတူရည်တူပိုင်ဆိုင်ကြသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းထားသောကြောင့် ယင်းကို "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်" ဟု ခေါ်သည်။ အချိုးမတူဖက်ဒရယ်စနစ်သည် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရုတ်သိမ်း၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ကို တားမြစ်ထားသောကြောင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် အချင်းချင်း အကြား နိုင်ငံရေးအာဏာ တန်းတူရည်တူ ကျင့်သုံးပိုင်ခွင့် မရှိချေ။ ယင်းကဲ့သို့သော ဖက်ဒရယ်စနစ်သည် အတုအယောင်ပြည်ထောင်စုဟု ခေါ်ပါသည်။

---

(၁၀)

## ဗဟိုဦးစီးစနစ် ကင်းရှင်းသော ဖက်ဒရယ်စနစ်နှင့် ဗဟိုဦးစီးစနစ် လျှော့ချသော အတုအယောင် ပြည်ထောင်စုစနစ်

ပြည်ထောင်စုနှင့် ပြည်နယ်များက အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသောပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခွင့်ရှိခြင်း စသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်၏ အင်္ဂါရပ်များနှင့် ပြည့်စုံသော ဖက်ဒရယ်စနစ်သည် "ဗဟိုဦးစီးစနစ် လုံးဝကင်းရှင်းသော ဖက်ဒရယ်စနစ်" (Non-centralization federalism) ဖြစ်သည်။

ဗဟိုဦးစီးစနစ်ကို လျှော့ချသော (De-centralization) သည် အတုအယောင်ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်များတွင် ကျင့်သုံးသောစနစ်ဖြစ်ပါသည်။ အတုအယောင်ပြည်ထောင်စုစနစ်တွင် ကျင့်သုံးသောစနစ်ဖြစ်သည်။ အတုအယောင်ပြည်ထောင်စုစနစ်တွင် "ဗဟိုဦးစီးစနစ်ကို လျှော့ချသည့် နည်းလမ်းနှစ်ခုရှိပါသည်။ ပထမတခုမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲဇယား (၂) တွင် ဖော်ပြထားသော ပြည်နယ်လုပ်ပိုင်ခွင့်အာဏာကို ရည်ညွှန်းသည့် "ပြည်နယ်ပြုစာရင်း" ကို တိုးပေးခြင်းဖြစ်သည်။ ဒုတိယနည်းလမ်းမှာ ဗဟိုဦးစီးစနစ်၏ ယန္တရားအဆင့်ကို တိုးပေးခြင်းဖြစ်သည်။ ဥပမာ– ပြည်နယ်အုပ်ချုပ်

ရေးအဆင့်သာမက ခရိုင်နှင့်မြို့နယ်၊ ကျေးရွာအုပ်စု စသည်ဖြင့် အဆင့်များများထားခြင်း ဖြစ်သည်။ ယင်းသည် တပြည်ထောင်စနစ်တွင်လည်း ကျင့်သုံးလေ့ရှိသောစနစ်ဖြစ်သည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ဗဟိုဦးစီးစနစ် အလျှင်းမျှမရှိ။ ထို့ကြောင့် အုပ်ချုပ်ရေးကို ပြည်ထောင်စုအစိုးရ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်အစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ဒေသန္တရအစိုးရဟူ၍ အဆင့် (၃) ဆင့်သာ သတ်မှတ်ထားပါသည်။

---

**(၁၁)**

## ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး(Bottom-up Federalism) ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ခြင်း

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းလုပ်ငန်းကို ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်တခုဖြစ်သော "ကိုယ်ပိုင်အုပ်ချုပ်ခြင်း" နှင့် "အတူတကွ စုပေါင်း၍အုပ်ချုပ်ခြင်း" မူဘောင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရပေမည်။ ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် အောက်ပါအခြေခံမူ (၃) ခုအပေါ်အခြေခံရမည်။ ယင်းအခြေခံမူများမှာ–

(၁) အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ကြပါသည်။

(၂) အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိကြသည်။

(၃) ပြည်ထောင်စုနှင့် ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာသုံးရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာ) တို့ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေကျင့်သုံးကြသည်ဟူသော အခြေခံမူများဖြစ်ပါသည်။

ပြည်နယ်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ခြင်းသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ပြည်ထောင်စုကြီး တပြိုင်တည်း အားကောင်းရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များ အာဏာခွဲဝေကျင့်သုံးခြင်းကို လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးရာတွင် မျှတမှုနှင့် အပြန်အလှန်အကျိုးပြုမှု ရှိစေရေးအတွက် နိုင်ငံရေးအာဏာသုံး

ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့နှင့် တိုက်ရိုက်ဆက်စပ်သည့် "အာဏာခွဲဝေကျင့်သုံးခြင်း" (Division of Powers) သာမက "လုပ်ပိုင်ခွင့်နှင့်တာဝန်ခွဲဝေကျင့်သုံးခြင်း" (Division of Competemcies) ကိုလည်း ပူးတွဲ၍ ဆောင်ရွက်ကြပါသည်။ 'လုပ်ပိုင်ခွင့်နှင့် တာဝန်များ ခွဲဝေကျင့်သုံးခြင်း' ကို ဆောင်ရွက်ရာတွင် အောက်ပါအခြေခံမှုများကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

(၁) လူထုနှင့် အနီးကပ်ဆုံးအစိုးရထံ အာဏာရှိခြင်း (Subsidiary Principles)

လူထုနှင့်အနီးကပ်ဆုံးအစိုးရထံတွင် အာဏာရှိခြင်း (Subsidiary Principles) ကို ဥရောပယူနီယံ (European Union) က ၂၀၁၂ မှ စတင်ကျင့်သုံးသောစနစ်သစ် ဖြစ်ပါသည်။ ဥရောပပြည်ထောင်စုသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံများဖြင့် ဖွဲ့စည်းထားသော ယူနီယံဖြစ်သောကြောင့် တခါတရံ လူထုနှင့် အနီးကပ်ဆုံးအစိုးရသည် နိုင်ငံငယ်များအတွက် ဗဟိုအစိုးရဖြစ်နိုင်သည်။ ဖက်ဒရယ်ကျင့်သုံးသောနိုင်ငံများတွင် ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရလည်း ဖြစ်နိုင်ပါသည်။ တပြည်ထောင်စနစ် ကျင့်သုံးသောနိုင်ငံများတွင် ခရိုင်နှင့် မြို့နယ်လည်း ဖြစ်နိုင်ပါသည်။

Subsidiary Principles ၏ အားသာချက်သည် "လုပ်ပိုင်ခွင့်နှင့်တာဝန်" များကို လူထုနှင့် အနီးကပ်ဆုံးအစိုးရထံတွင် အပ်နှင်းထားပါသည်။ အကယ်၍ လူထုနှင့်အနီးကပ်ဆုံးအစိုးရက အခြေအနေအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသောအခါ ၎င်းအထက်ရှိ အစိုးရ (ဥပမာ- ဒေသန္တရအစိုးရက ပြည်နယ်ထံသော်လည်းကောင်း၊ ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရထံတွင်သော်လည်းကောင်း) ထံသို့ ယာယီအားဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းရန် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အာဏာလေဟာနယ်မဖြစ်ဘဲ လူထုနစ်နာမှု နည်းပါးနိုင်ပါသည်။

(၂) အချိုးကျလုပ်ပိုင်ခွင့်နှင့် တာဝန်များကို ခွဲဝေကျင့်သုံးခြင်း (Propotionality)

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ နိုင်ငံရေးအာဏာများကို တန်းတူရည်တူ ပိုင်ဆိုင်ထားသည့်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်စနစ်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအတွင်း အချုပ်အခြာအာဏာ သုံး

ရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး) အာဏာများကို ခွဲဝေကျင့်သုံးရာတွင် တန်းတူရေးအခြေခံမှုဖြင့် "အချိုးတူဖက်ဒရယ်စနစ်" ကို ကျင့်သုံးရမည်ဖြစ်ပါသည်။

သို့ရာတွင် နိုင်ငံရေးအာဏာမဟုတ်သော သယံဇာတခွဲဝေမှု (Revenue Sharing) နှင့် ဖက်ဒရယ်ဘဏ္ဍာရေးစနစ် (Fiscal Federalism) တို့အပါအဝင် အခြားလုပ်ပိုင်ခွင့်နှင့် တာဝန်များကို ခွဲဝေကျင့်သုံးရာတွင် "အချိုးကျစနစ်" (Proporionality) ကို ကျင့်သုံးရမည်ဖြစ်သည်။ သို့မှသာ ပြည်နယ်တခုနှင့်တခုအကြား နယ်မြေအကျယ်အဝန်း ကွာခြားချက်၊ လူဦးရေ အထူအပါး ကွာခြားချက်၊ လူမှုရေးနှင့် စီးပွားရေး တိုးတက်မှု ကွာခြားချက်များကို မျှတစွာ ညှိနှိုင်းဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ နိုင်ငံရေးအာဏာသုံးရပ်နှင့် တိုက်ရိုက်မပတ်သက်သည့်ကိစ္စရပ်အားလုံးတွင် "အာဏာခွဲဝေကျင့်သုံးရေး" (Division of Powers) မဟုတ်ဘဲ "လုပ်ပိုင်ခွင့်နှင့် တာဝန်ခွဲဝေကျင့်သုံးခြင်း" (Division of Competencies) စနစ် ကို ကျင့်သုံးရမည်ဖြစ်ပါသည်။

(၃) စည်းလုံးညီညွတ်ခြင်း (Solidiarity)

ပြည်နည်အားကောင်းရေးမှ ပြည်ထောင်စုအားကောင်းရေး ချဉ်းကပ်မှုဖြင့် ပြည်ထောင်စုတည်ဆောက်ခြင်းသည် ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ တပြိုင်နက်အားကောင်းစေရေးကို ရည်ရွယ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုနှင့် ပြည်နယ်များအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း စည်းလုံးညီညွတ်ခြင်းကို အခိုင်အမာတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ စည်းလုံးညီညွတ်ခြင်းကို အခြေခံသော ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုနှင့် ပြည်နယ်များအကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားတွင်သော်လည်းကောင်း "အားပြိုင်မှုရှိသော ဖက်ဒရယ်စနစ်" (Competative Federalism) ကို မချဉ်းကပ်ဘဲ၊ အချင်းချင်း သွေးစည်းညီညွတ်ရေးချဉ်းကပ်မှုဖြင့် "ပူးပေါင်းဆောင်ရွက်သော ဖက်ဒရယ်စနစ်" (Cooperative Federalism) ကို တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။

---

## (၁၂)

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုသည် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြား အမျိုးသားနိုင်ငံ ထူထောင်ပိုင်ခွင့်ရှိသောလူမျိုးများဖြင့် ပြည်ထောင်များက စုပေါင်း၍ အတူတကွ ဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ပြည်ထောင်စုကို အတူတကွထူထောင်ကြသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ပူးပေါင်းထူထောင်ထားသော ပြည်ထောင်စုတို့သည် အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ကြပါသည်။ အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ခွင့် ရှိသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိကြပါသည်။ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိကြသည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ “အာဏာ ခွဲဝေကျင့်သုံးခြင်းအခြေခံမှု” အရ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသည့် အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးကြ ပါသည်။ ဥပဒေပြုအာဏာကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ် ရေးအာဏာကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာ ကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်တရားရုံးများကို ဖွဲ့စည်းထူထောင်ခွင့် အခွင့် အာဏာကိုလည်း ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပိုင်ဆိုင်ထားကြပါသည်။

စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ က ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခွင့် အခွင့်အရေးပိုင်ဆိုင်ထားသောကြောင့် အောက်ဖော်ပြပါ ဖက်ဒရယ်စနစ်၏အင်္ဂါရပ်များကို ဖော်ဆောင်ကျင့်သုံးနိုင်ကြခြင်းဖြစ်သည်။

(၁) ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်က အချုပ်အခြာအာဏာ ကို ပူးတွဲပိုင်ဆိုင်ကြပါသည်။

(၂) ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ထား သော အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ခွဲဝေ ကျင့်သုံးကြပါသည်။

(၃) အချုပ်အခြာအာဏာကို ပူးတွဲပိုင်ဆိုင်ခွင့်ရှိကြသော ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးရှိကြပါသည်။

(၄) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ရေးဆွဲ ပြဋ္ဌာန်းသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ

ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးခြင်းမူအရ ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ခွင့်ရှိသော အချုပ်အခြာအာဏာသုံးရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ) ကို ကျင့်သုံးပိုင်ခွင့်ရှိကြပါသည်။

(၅) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်များက ကျင့်သုံးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာသုံးရပ်ကို စနစ်တကျကျင့်သုံးနိုင်ရေးအတွက် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ပြည်နယ်အစိုးရ၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးရန် ပြည်နယ်တရားရုံးများကို ထူထောင်ခွင့်ရှိကြပါသည်။

(၆) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်သူ၊ ပြည်နယ်သားများက မိမိတို့ကိုယ်စား၊ မိမိတို့ ပိုင်ဆိုင်ထားသည့် အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးမည့် ကိုယ်စားလှယ်များကို ရွေးချယ်စေလွှတ်ခွင့်ရှိကြပါသည်။ ပါလီမန်စနစ်တွင် ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များကို တိုက်ရိုက်ရွေးချယ်ပြီး၊ လွှတ်တော်က အစိုးရကို ရွေးကောက်တင်မြှောက်ကြပါသည်။ အစိုးရက တရားသူကြီးများကို ခန့်အပ်ထားပါသည်။ ယင်းသည် အာဏာခွဲဝေကျင့်သုံးခြင်းကို ဖော်ဆောင်ခြင်းဖြစ်သည်။

(၇) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးခြင်း၊ ယင်းနိုင်ငံရေးအာဏာများနှင့်စပ်ဆိုင်သော နိုင်ငံရေးအင်စတီတျူးရှင်းများကို တည်ဆောက်ခြင်းနှင့် ပြည်နယ်လူထုက မိမိတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခွင့် အခွင့်အရေးများသည် ဖက်ဒရယ်စနစ်၏ အင်္ဂါရပ်ဖြစ်သော “ကိုယ်ပိုင်အုပ်ချုပ်ခြင်း” ကို လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် “ကိုယ်ပိုင်အုပ်ချုပ်ခြင်း” နှင့် “ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” တို့ကို ပေါင်းစပ်ကျင့်သုံးခြင်းဖြစ်ပါသည်။

(၈) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးပိုင်ခွင့်ရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံရေးအရ တန်းတူကြသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ နိုင်ငံရေးအာဏာ တန်းတူပိုင်ဆိုင်ထားသော ပြည်ထောင်စုအဖွဲ့ဝင်

ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် “အချိုးတူဖက်ဒရယ်စနစ်” ဖြစ်ပါသည်။ အချိုးတူဖက်ဒရယ်စနစ်သည် စစ်မှန်သော ဖက်ဒရယ်စနစ်ဖြစ်သည်။ ထို့ကြောင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းခွင့် ရှိ-မရှိဟူသော နိုင်ငံရေးပေတံက “အစစ်အမှန်ပြည်ထောင်စု” နှင့် “အတုအယောင်ပြည်ထောင်စု” တို့ကို ခွဲခြားထားသည်။

(၉) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ “နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” ကို အာမခံချက်ပေးထားပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ “ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” အခွင့်အရေးများ အပြည့်အဝကျင့်သုံးဖော်ဆောင်နိုင်ရေးအတွက်ကိုလည်း လမ်းဖွင့်ပေးထားပါသည်။

(၁၀) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်အခွင့်အရေးရရှိနိုင်မှသာ တိုင်းရင်းသားလူမျိုးပေါင်းစုံ (၇၅) နှစ်ကျော် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲတောင်းဆိုနေသော “ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” အခွင့်အရေးများ အပြည့်အဝအာမခံချက်ပေးနိုင်သည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

---

## (၁၃)

## ဖက်ဒရယ်စနစ်နှင့် ပါလီမန်စနစ်တို့ကို ပူးတွဲကျင့်သုံးခြင်း

လူမျိုးပေါင်းစုံရောနှောနေထိုင်သောတိုင်းပြည်တွင် ဖက်ဒရယ်စနစ်ကို ကျင့်သုံးမှသာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ “နိုင်ငံရေးဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” နှင့် လူမျိုးပေါင်းစုံတို့၏ “ယဉ်ကျေးမှုဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်” တို့ကို တပြိုင်နက်တည်း အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

လူမျိုးပေါင်းစုံရောနှောနေထိုင်သောတိုင်းပြည်တွင် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ကျင့်သုံးရာတွင်လည်း သမ္မတစနစ်ထက်၊ ပါလီမန်စနစ်ကို ကျင့်သုံးမှသာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးရှိ လူဦးရေအနည်းအများ၊ ပထဝီအခြေအနေ၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအခြေအနေစသည့် တိုင်းပြည်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသော အစိုးရအဆင့်ဆင့်ကို ဖွဲ့စည်းထူထောင်နိုင်မည်ဖြစ်သည်။

လူမျိုးပေါင်းစုံ ရောနှောနေထိုင်သောတိုင်းပြည်တွင် ဖက်ဒရယ်စနစ်နှင့် ပါလီမန်စနစ်တို့ကို ပူးတွဲကျင့်သုံးခြင်းဖြင့် တိုင်းပြည်၏ဦးသျှောင်ဖြစ်သော ပြည်ထောင်စုသမ္မတကို တိုင်းရင်းသားလူမျိုးပေါင်းစုံထဲမှ အလှည့်ကျ တာဝန်ပေးရွေးချယ်နိုင်ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတကို ဖက်ဒရယ်စနစ်အရ ပြည်နယ်ကိုယ်စားပြုခြင်းအခြေခံမှုဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်အထက်လွှတ်တော်က ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အထက်လွှတ်တော်က ပြည်ထောင်စုသမ္မတကို ရွေးချယ်တင်မြှောက်ရာတွင် ပြည်နယ်ဖွဲ့စည်းနိုင်သည့်တိုင်းရင်းသားလူမျိုးကိုသာ ရွေးချယ်ခြင်း မပြုဘဲ၊ ပြည်နယ်မဖွဲ့စည်းနိုင်သေးသော လူနည်းစုတိုင်းရင်းသားလူမျိုးများကိုလည်း အလှည့်ပေး၍ ရွေးချယ်တင်မြှောက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးချုပ်ကို ဒီမိုကရေစီစနစ်အရ လူဦးရေကိုယ်စားပြုခြင်းအခြေခံမှုဖြင့် ဖွဲ့စည်းထားသော ဖက်ဒရယ်အောက်လွှတ်တော်က ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးချုပ်ဦးဆောင်သော ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံးရှိ ပြည်သူလူထုတရပ်လုံးကို တိုက်ရိုက်ကိုယ်စားပြုနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဖက်ဒရယ်စနစ်နှင့် ပါလီမန်စနစ်တို့ကို ပူးတွဲကျင့်သုံးခြင်းဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ဖက်ဒရယ်အထက်လွှတ်တော်က ဖက်ဒရယ်စနစ်အရ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ကိုယ်စားပြုပြီး၊ ဖက်ဒရယ်အောက်လွှတ်တော်က ဒီမိုကရေစီစနစ်အရ နိုင်ငံသားအားလုံးကို ကိုယ်စားပြုနိုင်မည်ဖြစ်ပါသည်။

---

## (၁၄)

## လူမျိုးအမည်ဖြင့် ဖွဲ့စည်းသော ပြည်နယ်များနှင့် ပထဝီအမည်ဖြင့် ဖွဲ့စည်းသောပြည်နယ်များကို ပေါင်းစပ်သည့် ပြည်ထောင်စုစနစ်

ပင်လုံစာချုပ်အရ ဖွဲ့စည်းထူထောင်ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်ကြသော တိုင်းပြည်ဖြစ်ပါသည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုး ခဲ့ကြသော ချင်း၊ ကချင်နှင့် ရှမ်းတို့သည်လည်း လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည့်ပြည်နယ်များကို ကိုယ်စားပြုခဲ့ကြပါသည်။ ထို့ကြောင့် သမိုင်းကြောင်းအရ တည်ရှိပြီးသားဖြစ်သော လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည့် ပြည်နယ်များ၏ ပကတိတည်ရှိခြင်းကို လေးစားအသိအမှတ်ပြုရမည်။ မည်သည့်အခါမျှ ထိခိုက်ပွန်းပဲ့ပျက်စီးအောင် မလုပ်သင့်ပေ။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ပြည်နယ်များနှင့် ဖက်ဒရယ်ယူနစ် (တိုင်း) အားလုံးသည် လူမျိုးတမျိုးတည်းနေထိုင်သော ပြည်နယ်နှင့် ဖက်ဒရယ်ယူနစ် (တိုင်း) ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။ ထိုကဲ့သို့ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သော ပြည်နယ်/ ဖက်ဒရယ်ယူနစ်များကို ပထဝီအမည်ဖြင့်သာ ဆက်လက်ဖွဲ့စည်းသင့်ပါသည်။ ထို့ကြောင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို လူမျိုးအမည်ကိုအခြေခံသောပြည်နယ်များနှင့် ပထဝီအမည်ကိုအခြေခံသောပြည်နယ်များဖြင့် ပေါင်းစပ်၍ ဖွဲ့စည်းထူထောင်ခြင်းသည် လက်တွေ့အကျဆုံးဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလမ်းစဉ်ဖြစ်မည်ဟု ယူဆပါသည်။

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ ပြည်နယ်အားလုံးကို အမည်နာမတမျိုးတည်းဖြင့်သာ ခေါ်ဆိုသင့်ပါသည်။ ထို့ကြောင့် ယင်းတို့ကို "ပြည်နယ်" ဟု ခေါ်ပါက အားလုံးကို "ပြည်နယ်" ဟု ခေါ်ဆိုရန်၊ "ပြည်" ဟု ခေါ်ပါက အားလုံးကို "ပြည်" ဟု ခေါ်ဆိုရန်၊ "ပြည်ထောင်" ဟု ခေါ်ဆိုပါက အားလုံးကို "ပြည်ထောင်" ဟု ခေါ်ဆိုသင့်ပါသည်။ ထို့အပြင် ပြည်ထောင်စုဖွဲ့ဝင်ပြည်နယ်အားလုံးကို လူမျိုးအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ၊ ပထဝီအမည်ဖြင့် ဖွဲ့စည်းသည်ဖြစ်စေ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် နိုင်ငံရေးအာဏာများ တန်းတူရည်တူပိုင်ဆိုင်ခွင့် ပေးအပ်သင့်ကြောင်း တင်ပြအပ်ပါသည်။

---

## (၁၅)

## ကွန်ဖက်ဒရယ်ရေးရှင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် အတုအယောင်ပြည်ထောင်စုစနစ်တို့ကို နှိုင်းယှဉ်ခြင်း

ကမ္ဘာ့သမိုင်းတွင် ဖက်ဒရယ်စနစ်ကို စတင်ကျင့်သုံးသော နိုင်ငံနှစ်ခုမှာ ဆွစ်ဇာလန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဖက်ဒရယ်စနစ်မကျင့်သုံးခင် ကွန်ဖက်ဒရေးရှင်းစနစ်ကို ကျင့်သုံးခဲ့သည်။ ၁၂၉၁– ၁၇၉၈ ကာလ Swiss Confederacy ကို ထူထောင်ပြီး နပိုလီယန်စစ်ပွဲကာလ၌ ပျက်စီးခဲ့သည်။ နပိုလီယန်စစ်ပွဲအပြီးတွင် Swiss Confederacy ကို (၁၈၁၅–၁၈၄၇) အထိ ပြန်လည်ထူထောင်ခဲ့ပါသည်။ ၁၈၄၈ ခုနှစ်တွင် "The Federal Constitution of Swiss Confederation " ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖက်ဒရယ်စနစ်ကို အခိုင်အမာ ထူထောင်သွားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း ၁၇၇၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိသည့်အချိန်မှ ၁၇၈၇ ခုနှစ်အထိ "Articles of Confederation" ကို ရေးဆွဲပြဋ္ဌာန်းပြီး ကွန်ဖက်ဒရေးရှင်းစနစ်ကို ကျင့်သုံးခဲ့ပါသည်။ သို့ရာတွင် ကွန်ဖက်ဒရေးရှင်းဖြင့် တိုင်းပြည်တည်ဆောက်

ရေးလုပ်ငန်း ဆောင်ရွက်၍မရကြောင်း သဘောပေါက်ပြီးနောက် ၁၇၈၇ ခုနှစ်တွင် “The Constitution of United States” ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖက်ဒရယ်စနစ်ဘက်ကို ပြောင်းလဲကျင့်သုံးခဲ့ကြပါသည်။

ကွန်ဖက်ဒရေးရှင်း၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်နှင့် အတုအယောင်ပြည်ထောင်စုစနစ်တို့၏ အဓိကကွာခြားချက်နှင့် နှိုင်းယှဉ်ချက်တချို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ၁။ အချုပ်အခြာအာဏာ

- ကွန်ဖက်ဒရေးရှင်းတွင် အချုပ်အခြာအာဏာသည် ပြည်ထောင်စုမရှိ၊ ပြည်နယ်များတွင်သာ တည်ရှိသည်။ ကွန်ဖက်ဒရေးရှင်းအဖွဲ့ဝင်ပြည်နယ်များသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာများကို ပိုင်ဆိုင်ကြသည်။
- ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် အချုပ်အခြာအာဏာကို ပြည်ထောင်စုနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပူးတွဲပိုင်ဆိုင်ကြသည်။
- အတုအယောင်ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်တွင် အချုပ်အခြာအာဏာသည် နိုင်ငံတော်၌တည်၍ ဗဟိုဦးစီးစနစ်ဖြင့် တင်းကျပ်စွာ ချုပ်ကိုင်ထားသည်။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ

- ကွန်ဖက်ဒရေးရှင်းတွင် ပြည်ထောင်စု၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် မရှိ၊ ပြည်နယ်များ၌သာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ၁၇၇၆ ခုနှစ်မှ ၁၇၈၇ ခုနှစ်အထိ Articles of Confederation ဆိုသော အခြေခံဥပဒေရှိခဲ့သော်လည်း ပုံမှန်ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ တိုင်းပြည်ဖွဲ့စည်းပုံနှင့် အစိုးရဖွဲ့စည်းပုံတို့ကို ဖော်ပြသောအရာ မဟုတ်ဘဲ၊ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်နိုင်ရေးအတွက် ညီလာခံအသွင်ကိုဆောင်သော Congress လွှတ်တော်ဖွဲ့စည်းရေးကိုသာ ဦးတည်ခဲ့ပါသည်။
- ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် နှစ်ခုစလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် အသီးသီးရှိကြသည်။ ပြည်ထောင်စုအဆင့်တွင် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို စုပေါင်း၍ အတူတကွရေးဆွဲပြဋ္ဌာန်းကြပြီး၊ ပြည်နယ်အဆင့်တွင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဆိုင်ရာပြည်နယ်အသီးသီးက ရေးဆွဲပြဋ္ဌာန်းကြသည်။

- အတုအယောင်ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်တွင် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့် မရှိ။

## ၃။ တပ်မတော်

- ကွန်ဖက်ဒရေးရှင်းတွင် ပြည်ထောင်စု၌ တပ်မတော် ဖွဲ့စည်းထူထောင်ခွင့်မရှိ၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကသာ တပ်မတော် ဖွဲ့စည်းထူထောင်ခွင့်ရှိကြသည်။ အရေးပေါ်ကာလများတွင် ပြည်နယ်တပ်များ ပူးပေါင်း၍ အတူတကွ စစ်တိုက်ကြပါသည်။ ဥပမာ– အမေရိကန်လွတ်လပ်ရေးစစ်ပွဲကာလတွင် ပြည်နယ် (၁၃) ခုမှ ပြည်နယ်တပ်မတော်များက စုပေါင်း၍ ယင်းတပ်အားလုံးကို ဦးစီးကွပ်ကဲရန် ဗိုလ်ချုပ်ကြီးဝါရှင်တန်ကို ပြည်နယ်များက သဘောတူရွေးချယ်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးပြီးချင်း ထိုပြည်နယ်တပ်များကို သက်ဆိုင်ရာပြည်နယ်များသို့ ပြန်လည်ပေးပို့ခဲ့ကြပါသည်။
- ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စု၌ တပ်မတော်ဖွဲ့စည်းခွင့် ရှိသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ပြည်နယ်လူဦးရေ ၁ ရာခိုင်နှုန်းထက်မပိုသော ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ ဖွဲ့စည်းခွင့်ရှိသည်။ ပြည်နယ်ရဲတပ်ဖွဲ့များ ဖွဲ့စည်းခွင့်လည်း ရှိသည်။
- အတုအယောင်ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်တွင် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့အားလုံးသည် နိုင်ငံတော်အဆင့်၌သာ ဖွဲ့စည်းခွင့်ရှိပြီး ဗဟိုဦးစီးစနစ်ဖြင့် တင်းကျပ်စွာ ချုပ်ကိုင်ထားသည်။

## ၄။ အခွန်အခကောက်ယူခွင့်

- ကွန်ဖက်ဒရေးရှင်းတွင် ပြည်ထောင်စုက အခွန်အခ ကောက်ယူပိုင်ခွင့်မရှိ၊ ပြည်နယ်များကသာ အခွန်အခများကို ကောက်ယူပိုင်ခွင့်ရှိသည်။ ပြည်နယ်များထည့်ဝင်ငွေဖြင့် ပြည်ထောင်စု၏ကွန်ဂရက်ကြီး ရှင်သန်ခဲ့ပါသည်။
- ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အခွန်အခများကို သီးခြားစီ ကောက်ယူပိုင်ခွင့်နှင့် ပူးပေါင်း၍ ကောက်ခံပိုင်ခွင့်ရှိကြသည်။

- အတုအယောင်ပြည်ထောင်စုစနစ်နှင့် တပြည်ထောင်စနစ်တွင် နိုင်ငံတော်အဆင့် ဗဟိုကသာ အခွန်ကောက်ပိုင်ခွင့်ရှိသည်။ ပြည်နယ်များတွင် အခွန်ကောက်ယူပိုင်ခွင့်မရှိ။

၅။ အမေရိကန်ပြည်ထောင်စုဥပမာကို လေ့လာကြည့်ပါက ကွန်ဖက်ဒရေးရှင်းစနစ်ကို ကျော်ခိုင်းပြီး ဖက်ဒရေးရှင်းစနစ်သို့ ကူးပြောင်းခဲ့ခြင်း အကြောင်းရင်းများစွာရှိပါသည်။ ပထမအကြောင်းရင်းမှာ ပြည်ထောင်စုတွင် တပ်မတော်မရှိသောကြောင့် ပြည်ပရန်ကို ကာကွယ်ရန် ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းဖို့ လိုအပ်သည်ဟူသော အကြောင်းပြချက်ပင် ဖြစ်ပါသည်။ ထိုကာလ၌ စပိန်၏ ကျူးကျော်ရန်ရှိသလို အင်္ဂလန်ကလည်း အမေရိကန်ကိုလိုနီနယ်များကို ပြန်လည်သိမ်းပိုက်ရန် ပြင်ဆင်ခဲ့ပါသည်။ (၁၈၁၂ ခုနှစ်တွင် စစ်ပွဲကြီး ထပ်မံဖြစ်ပွားခဲ့ပါသည်။) သို့ရာတွင် ဒုတိယအကြိမ် လွတ်လပ်ရေးစစ်ပွဲ ဟု ခေါ်ဆိုသော ၁၈၁၂ စစ်ပွဲတွင် အမေရိကန်၌ ပြည်ထောင်စုတပ်မတော်ရှိထားပြီးဖြစ်၍ အင်္ဂလိပ်ကျူးကျော်စစ်ကို တွန်းလှန်နိုင်ခဲ့ပါသည်။

ဒုတိယအကြောင်းရင်းမှာ ပြည်နယ်ကြီးများက ပြည်နယ်ငယ်များကို ကျူးကျော်သိမ်းပိုက်ပါက ပြည်နယ်ငယ်များကို ကာကွယ်မည့် ပြည်ထောင်စုတပ်မတော်ရှိအပ်၊ လိုအပ်သည်ဟူသော အကြောင်းပြချက်ဖြစ်သည်။ ထို့ကြောင့် ခိုင်မာအားကောင်းသောတပ်မတော်ကို ပိုင်ဆိုင်သည့် ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ခိုင်မာအားကောင်းသောအစိုးရကို ထူထောင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရက အခွန်အခကောက်ယူပိုင်ခွင့် ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံးရှိ နိုင်ငံသားအားလုံး၏ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အာမခံချက်ပေးနိုင်မည့် အခြေခံအခွင့်အရေးများ၊ ရပိုင်ခွင့်နှင့် တာဝန်များသာမက၊ လွတ်လပ်စွာဘဝသုခ ရှာမှီးပိုင်ဆိုင်ခွင့်ကို အာမခံချက်ပေးနိုင်မည့် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ကြောင်း၊ ထိုပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်ကြောင်းတို့ကို လက်ခံဦးတည်၍ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ပြောင်းလဲထူထောင်ခဲ့ကြခြင်းဖြစ်ပါသည်။

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် အမေရိကန်ပြည်ထောင်စုကဲ့သို့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုစနစ်သာ ကျင့်သုံးရမည်ဖြစ်ကြောင်း “ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်” အစိတ်အပိုင်း (၁) တွင် ရေးဆွဲပြဋ္ဌာန်းထားပါသည်။